# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

January 9, 2020 Volume 27, Number 5


### ၉.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၅/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၃/- ကျပ် |
| CBM Rate | = ၁၄၆၅.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၅၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၈.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့ရွှေဈေးတက်၍ ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသောကြောင့် ဇန်နဝါရီလ ၈ ရက်နေ့ မနက်ပိုင်း ရွှေဈေးအရ ၁၆ ပဲရည် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၃၀၀၀၀ အထိ မြင့်တက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ ဇန်နဝါရီလ ၇ ရက်နေ့ ညနေပိုင်းရွှေဈေးအရ ၁၆ ပဲရည် အခေါက်ရွှေ တစ်ကျပ်သားမှာ ကျပ် ၁၂၁၆၅၀၀ ပေါက်ဈေးရှိကြောင်း ယင်းအသင်းထံမှသိရသည်။ "ဈေးကွက်ထဲမှာ ၁၂၃၇၀၀၀ လောက်ဖြစ်နေတယ်။ ကမ္ဘာ့ဈေးတက်သွားတာကြောင့် တက်လာတာပါ။ ကမ္ဘာ့ဈေးက ၁၅၉၀၊ ၁၅၉၅ လောက်အထိတက်နေလို့။ အရောင်းအဝယ်တွေကတော့ အေးပါတယ်" ဟု တိတ်စိန်ရွှေဆိုင်မှ ဦးဇော်အောင်က ပြောကြားသည်။

ယခင် ဇန်နဝါရီလ ၇ ရက်နေ့ထက် ကျပ် ၁၅၀၀၀ ခန့် မြင့်တက်လာခြင်းဖြစ်ပြီး အရောင်းအဝယ်မှာ ပုံမှန်သာဖြစ်လျက်ရှိကြောင်း ၎င်းကဆိုသည်။ ပြီးခဲ့သည့် စက်တင်ဘာလက အခေါက်ရွှေတစ်ကျပ်သားကို ကျပ် ၁,၃၀၀,၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့ပြီး ရွှေဈေးများ အဆမတန်ပြန်လည်မြင့်တက်လာခြင်း မရှိစေရန် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ရပ်ဝေးမှ တယ်လီဖုန်းဖြင့် မှာယူခြင်းများကို ပိတ်ပင်ထားကာ လက်ငင်းငွေသားဖြင့်သာ ဝယ်ယူခွင့် ပြုထားခြင်း ဖြစ်သည်။

**Source: The Voice,** https://news.ydnp.net/323877/


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ၂၀၂၀တွင် ကမ္ဘာ့ကားဈေးကွက်၌ မြင့်မားစွာဆက်လက်ရပ်တည်မည်ဟု တိုယိုတာမျှော်မှန်း

ဂျပန်နိုင်ငံမှ မော်တော်ကားထုတ်လုပ်သည့် တိုယိုတာကော်ပိုရေးရှင်းသည် ကမ္ဘာ့ထိပ်တန်း မော်တော်ကားဈေးကွက်ဖြစ်သည့် တရုတ်နှင့် အမေရိကန်တို့၏ ဈေးကွက်များ အနည်းငယ် အေးသွားသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အမြင့်ဆုံး ဆက်လက် ထိန်းထားနိုင်မည်ဟု မျှော်မှန်းထားသည်။

အော်တိုမော်တော်ကား ထုတ်လုပ်သည့် ကမ္ဘာကျော်ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ထုတ်လုပ်ရောင်းချမှုကိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချခြင်း၊ self-driving မော်တော်ယာဉ်များနှင့် လျှပ်စစ်စွမ်းအင်အသုံးပြုသည့် မော်တော်ယာဉ်များထုတ်လုပ်ခြင်းစသည့်နည်းပညာ အသစ်အဆန်းများကို တီထွင် ဆောင်ရွက်လာကြသဖြင့် မော်တော်ကားထုတ်လုပ်ရောင်းချမှု ဈေးကွက်၏

ပြိုင်ဆိုင်မှုလည်းမြင့်မားလာသည်။ ဂျပန်မှအော်တိုကား ထုတ်လုပ်သည့် တိုယိုတာအနေဖြင့် လာမည့် ၂၀၂၀ နှစ်တွင် အစီးရေ ၁၀ ဒသမ ၇၇ သန်းအထိ ရောင်းချသွားရန်ပြင်ဆင်နေကြောင်း၊ ယခုဒီဇင်ဘာအကုန်တွင် စီးရေ ၁၀ ဒသမ ၇၂ သန်းရောင်းချရန် ဆောင်ရွက်သွားမည်ဟုဆိုသည်။

ဂျာမနီနိုင်ငံမှ Volkswagon ကားထုတ်လုပ်မှုသည် လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလက ထိပ်တန်းရောင်းအား အကောင်းဆုံး စာရင်းဝင်ဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်းက MAN နှင့် Scaniax ရပ်ကားကြီးများအပါအဝင် အစီးရေ ၁၀ ဒသမ ၈၃ သန်းခန့် ထုတ်လုပ်ရောင်းချခဲ့သည်။

**Source: SFJ Strategy First Journal**

https://business.facebook.com/SFJWeekly/posts/2920572471363359?__tn__=K-R

## ပြည်တွင်းရွှေဈေးနှုန်း မတည်မငြိမ်ဖြစ်နေ

ရွှေဈေးတက်ခြင်းမှာ အရောင်းအဝယ်ကောင်း၍မဟုတ်ဘဲ ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်ခြင်းကြောင့်ဖြစ်သည်။ အမေရိကန်နှင့် အီရန် စစ်ရေးတင်းမာနေမှု အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်နေပြီး ပြည်တွင်း ရွှေဈေးလည်း ဇန်နဝါရီ ၄ ရက်မှစ၍ မြင့်တက်လာသည်။ သို့သော် ပြည်တွင်းရွှေဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ ဇန်နဝါရီ ၇ ရက်က ကျပ် ၁၀,၀၀၀ ခန့် ဈေးပြန်ကျခဲ့ပြီး ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၂၀၀၀၀ ခန့် ဈေးပြန်တက်ခဲ့သည်။ သို့ရာတွင် ပြည်တွင်းရွှေဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်အတွင်းက စံချိန်တင် မြင့်တက်ခဲ့သည့် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်းကျော် ဈေးနှုန်းအထိ ပြန်လည်မြင့်တက်မည် မဟုတ်ကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းကြသည်။

ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာဈေးပေါ်မူတည်၍ တွက်ချက်ခြင်းဖြစ်ရာ လက်ရှိတွင် ကမ္ဘာ့ရွှေဈေးနှုန်းသာ မြင့်တက်နေပြီး အမေရိကန်ဒေါ်လာ ဈေးနှုန်းကျဆင်းနေသဖြင့် ရွှေလုပ်ငန်းရှင်များက ထိုကဲ့သို့ခန့်မှန်းကြခြင်းဖြစ်သည်။ "ရွှေဈေးကတော့ အေးနေဦးမှာပဲ။ ဒေါ်လာဈေးကလည်း တောက်လျှောက်ကျနေတယ်။ ပြည်ပကို အလုပ်သွားလုပ်တဲ့သူတွေက ဒီကို ဒေါ်လာငွေပြန်လွှဲတာ များလာတယ်။ ကမ္ဘာ့ရွှေဈေးကလည်း အများကြီးထပ်မတက်နိုင်တော့ပါဘူး။ တကယ်လို့ စစ်ဖြစ်ရင် စီးပွားရေးပိတ်ဆို့ခံရမှာလည်း ရှိလာမှာဆိုတော့ အီရန်ဘက်က ဒေါ်လာတွေရောင်းပြီး ရွှေတွေဝယ်နေကြတယ်"ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆိုသည်။ အခေါက်ရွှေတစ်ကျပ်သားဈေးနှုန်းမှာ ဇန်နဝါရီ ၁ ရက်က ၁,၁၉၀,၀၀၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၄ ရက်တွင် ၁,၂၂၀,၀၀၀ ကျော်အထိတက်လာပြီး ကျပ် ၃၀,၀၀၀ ခန့် မြင့်တက်လာသည်။

သို့သော် ဇန်နဝါရီ ၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀,၀၀၀ ခန့် ဈေးနှုန်းလျော့ကျလာပြီး ဇန်နဝါရီ ၈ ရက် မနက်ပိုင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁,၂၃၀,၀၀၀ ပေါက်ဈေးရှိနေသည်။ "အမေရိကန် အီရန် စစ်ရေးတင်းမာမှုတွေကြောင့် ရေနံဈေး၊ ရွှေဈေးတက်သလို အခြားတန်ဖိုးမြင့်ပစ္စည်းတွေ အကုန်ဈေးတက်နေတာပါ။ ပြည်တွင်းမှာ ရွှေဈေးတက်နေတယ်ဆိုတာကလည်း အရောင်းအဝယ်ကောင်းလို့ ဈေးမြင့်တက် နေတာမဟုတ်ဘဲ ကမ္ဘာ့ရွှေဈေး မြင့်တက်တာကြောင့် ဈေးလိုက်တက်တာပါ"ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆိုသည်။ ပြည်တွင်းတွင် ရွှေဈေးနှုန်းများ တက်လိုက်၊ ကျလိုက်ဖြစ်နေသဖြင့် ရွှေအရောင်းအဝယ် ဈေးကွက်အေးနေကြောင်း ၎င်းက ဆိုသည်။ အီရန်စစ်ဗိုလ်ချုပ်ကြီးဆိုလေမာနီသည် ဇန်နဝါရီ ၃ ရက်က အမေရိကန်၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်အပြီးတွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်ရိပ်ရိပ်မြင့်တက်လာပြီး ပြည်တွင်းဒေါ်လာတန်ဖိုးမှာ ကျဆင်းလာသည်။

ဇန်နဝါရီ ၁ ရက်က ကမ္ဘာ့ရွှေဈေးသည် ရွှေတစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၅၁၆ သာရှိခဲ့ရာ အီရန်စစ်ဗိုလ်ချုပ်ကြီး သေဆုံးခဲ့သည့် ဖြစ်ရပ်အပြီး ဇန်နဝါရီ ၄ ရက်တွင် ရွှေတစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၅၅၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၈ ရက် မနက်ပိုင်းက ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဒေါ်လာ ၁,၅၉၁ ကျပ်အထိ ပေါက်ဈေးရှိနေသဖြင့် ဇန်နဝါရီ ၁ ရက်ပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၇၅ ဒေါ်လာခန့် ဈေးနှုန်းမြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၁ ရက်က တစ်ဒေါ်လာ လျှင် ၁,၄၇၉ ကျပ် ပေါက်ဈေးရှိရာမှ ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၁,၄၇၀ သာ ပေါက်ဈေးရှိနေသည်။ ယခင်က အိန္ဒိယက ရွှေများ ဝယ်ယူသဖြင့် ရွှေအရောင်းအဝယ်ကောင်းသော်လည်း လက်ရှိတွင် အိန္ဒိယက ရွှေဝယ်ယူမှုလည်း ရပ်တန့်နေကြောင်း ရွှေလုပ်ငန်းရှင်များက ဆိုသည်။

**Source:https://myanmar.mmtimes.com/news/133546.html**

## အီရန်-အမေရိကန် တင်းမာမှု ပြည်တွင်းစက်သုံးဆီဈေး ရိုက်ခတ်လာနိုင်

ကမ္ဘာ့ရေနံထုတ်လုပ်မှု အများဆုံးဖြစ်သည့် အီရန်နှင့်အမေရိကန်အကြား စစ်ရေးတင်းမာလာမှုသည် ပြည်တွင်းစက်သုံးဆီ ဈေးကွက်ကို ရိုက်ခတ်လာမည်ကို စိုးရိမ်ရကြောင်း စက်သုံးဆီတင်သွင်းရောင်းချသူ လုပ်ငန်းရှင်များက ပြောသည်။

အမေရိကန်၏ မောင်းသူမဲ့ယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အီရန်ထိပ်တန်း စစ်ဗိုလ်ချုပ်တစ်ဦး ဇန်နဝါရီ ၃ ရက်တွင် သေဆုံးခဲ့သည်။ ယင်းပြဿနာကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ဇန်နဝါရီ ၃ ရက်တွင် ရေနံစိမ်းတစ်စည်လျှင် ကန် ၆၃ ဒသမ ၀၃ ဒေါ်လာ မှ ဇန်နဝါရီ ၆ ရက်တွင် ကန် ၆၄ ဒသမ ၅၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ သို့သော် ယနေ့ ဇန်နဝါရီ ၇ ရက်တွင် ၆၂ ဒသမ ၈၈ ဒေါ်လာအထိ ပြန်လည်ကျဆင်းလာသည်ဟု Investing.com ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

ပြည်တွင်းသို့ ဝယ်ယူတင်သွင်းလျက်ရှိသည့် စင်ကာပူနိုင်ငံ၏ ဈေးကွက်ဈေးနှုန်းသည် ၉၅ ခဲတ်ဆီ တစ်စည်လျှင် ဇန်နဝါရီ ၂ ရက်က ကန် ၇၃ ဒသမ ၆၉ ဒေါ်လာရှိခဲ့ရာ အီရန်ဗိုလ်ချုပ်သေဆုံးခဲ့သော ဇန်နဝါရီ ၃ ရက်တွင် ၇၆ ဒသမ ၁၄ ဒေါ်လာအထိ မြင့်တက်သွားသည်။ ယင်းအခြေအနေကြောင့် ပြည်တွင်းစက်သုံးဆီ လက်လီဈေးနှုန်းသည် ဇန်နဝါရီ ၂ ရက်တွင် ၉၅ ခဲတ်ဆီတစ်လီတာ လက်လီအမြင့်ဆုံးဈေးနှုန်းမှာ ကျပ် ၉၉၀ မှ ဇန်နဝါရီ ၇ ရက်တွင် ကျပ် ၁,၀၀၀ အထိ မြင့်တက်ခဲ့သည်။

ကမ္ဘာ့နိုင်ငံရေးအခြေအနေက ဘာတွေ အပြောင်းအလဲရှိလာမလဲဆိုတာက ကျွန်တော်တို့ စက်သုံးဆီ လောကသား အားလုံးက စိတ်ဝင်စားနေတဲ့ အကြောင်းအရာပါပဲ။ ပြည်တွင်းဈေးကတော့ နည်းနည်းလေးမြင့်နေတယ်ဆိုပေမဲ့လို့ တည်တည်ငြိမ်ငြိမ်ပုံစံ ရှိနေတဲ့အတွက် ရေတိုကာလလောက်ကိုတော့ ဒီပုံစံလေးပဲ ရှိနေနိုင်တယ်လို့ထင်တယ်''ဟု စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချမှု လုပ်ငန်းတစ်ခုက မန်နေဂျာဦးတင်အောင်ကျော်က ပြောသည်။

အီရန်က အမေရိကန်၏လုပ်ရပ်ကို ကြီးမားသည့်တုံ့ပြန်မှုလုပ်ဆောင်ရန် ကြွေးကြော်ထားခြင်းက စက်သုံးဆီဈေးကွက်၏ အနာဂတ်အခြေအနေကို ရိုက်ခတ်မှုရှိလာနိုင်သည်ဟုလည်း ကမ္ဘာ့သတင်းများတွင် ဖော်ပြလျက်ရှိသည်။ ''အာရှဈေးကွက်နှုန်းထားတွေက ပြန်ကျနေတယ်ဆိုတော့ ပြည်တွင်းမှာလည်း လက်ကားဈေးက နည်းနည်းပြန်ကျနိုင်တယ်။ ဒါပေမဲ့ လက်လီဈေးက သက်ဆိုင်ရာဆိုင်တွေက အသီးသီးသတ်မှတ်တာဖြစ်တော့ မပြောတတ်ဘူး။ သေချာတာက ကမ္ဘာ့နိုင်ငံရေးအခြေအနေ ရှိနေပေမဲ့လို့ ရေတိုမှာတော့ ပြည်တွင်းစက်သုံးဆီဈေးကလည်း လက်ရှိနှုန်းထားတွေမှာပဲ တည်ငြိမ်နေဦးမယ်ထင်တယ်''ဟု မြန်မာနိုင်ငံစက်သုံးဆီ အသင်း၏ အသင်းဝင်တစ်ဦးဖြစ်သူ ဦးစိုင်းဝမ်းလှိုင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

ရန်ကုန်စက်သုံးဆီ တစ်လီတာအမြင့်ဆုံးဈေးနှုန်းများသည် ဇန်နဝါရီ ၂ ရက်တွင် ၉၂ ခဲတ်ဆီ ၈၉၅ ကျပ်၊ ၉၅ ခဲတ်ဆီ ကျပ် ၉၉၀၊ ၅၀၀ ppm ရိုးရိုးဒီဇယ် ၉၇၅ ကျပ်နှင့် ၅၀ ppm ပရီမီယံဒီဇယ် ကျပ် ၉၉၀ ဈေးနှုန်းအသီးသီးရှိခဲ့သည်။
ယနေ့ ဇန်နဝါရီ ၇ ရက်တွင်မူ ၉၂ ခဲတ်ဆီ ၉၀၅ ကျပ်၊ ၉၅ ခဲတ်ဆီ ကျပ် ၁၀၀၀၊ ၅၀၀ ppm ရိုးရိုးဒီဇယ် ၉၈၅ ကျပ်နှင့် ၅၀ ppm ပရီမီယံဒီဇယ် ကျပ် ၁,၀၀၀ အသီးသီးဈေးတက်ခဲ့သည်။

အာရှရေနံဈေးကွက်တွင်မူ ဇန်နဝါရီ ၇ ရက် ဈေးများကျဆင်းလာခြင်းကြောင့် လာမည့်ရက်သတ္တပတ်၏ ပြည်တွင်းလက်ကားဈေးနှုန်းတွင်မူ ဈေးနှုန်းအနည်းငယ် ကျဆင်းလာဖွယ်ရှိသည်ဟုလည်း ၄င်းတို့က ခန့်မှန်းပြောထားသည်။

**Source :** https://myanmar.mmtimes.com/news/133544.html

## အမေရိကန်နဲ့အီရန် ပြဿနာကြောင့် ပြည်တွင်းမှာ ရွှေဈေးနဲ့ စက်သုံးဆီဈေးနှုန်းများ မြင့်တက်




အမေရိကန်နဲ့ အီရန်ပြဿနာကြောင့် မြန်မာ့ရွှေဈေးနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ ဇန်နဝါရီလ ၇ရက် ညနေအပိတ်ဈေးမှာ အခေါက်ရွှေတစ်ကျပ်သားကိုကျပ် ၁၂၁၆၅၀၀ ရှိခဲ့ပြီးတော့၊ ဇန်နဝါရီလ ၈ ရက်နေ့လည် ၂ နာရီမှာတော့ ကျပ် ၁၂၃၄၅၀၀ အထိပေါက်ဈေးရှိနေကာ ကျပ်နှစ်သောင်းနီးပါး ဈေးတက်သွားခဲ့သည်။ “အာရှဈေးကွက်က ကျတယ်။ အီးယူဈေးကွက်ကတက်တယ်။ ဒေါ်လာဈေးကျတဲ့အတွက် ရွှေဈေးက အများကြီးမတက်နိုင်ဘူး။ ကမ္ဘာ့ဆီဈေးတက်ရင်တော့ ရွှေဈေးကတက်တယ်။ ဒီဇယ်ဆီနဲ့ ရွှေကိုထုတ်ရတာ။ စက်ယန္တယားသုံးရတဲ့အတွက် ဒီဇယ်ဈေးတက်လာရင် ရွှေဈေးကတက်လာတယ်”ဟု ဦးမျိုးမြင့်ကပြောသည်။ ကမ္ဘာ့ရွှေဈေးအနေနဲ့ကလည်း ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၅၈၇ အထိဈေးပေါက်နေကြောင်း ရွှေလုပ်ငန်းရှင်တွေဆီကသိရသည်။ ပြည်တွင်းဒေါ်လာဈေးအနေနဲ့ကတော့ အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ်ငွေ ၁၄၇၀ နဲ့ အကျဘက်ကိုသာ ဦးတည်နေရတာက ပြည်တွင်းကနေ နိုင်ငံခြားကို သွားရောက်လုပ်ကိုင်နေသူတွေဆီက ဒေါ်လာအဝင်များတဲ့အတွက်ဖြစ်ကြောင်း ဦးမျိုးမြင့်က သုံးသပ်သည်။

ရေနံအဓိကလုပ်ကိုင်နေသည့် အီရန်နှင့်အမေရိကန်တို့ စစ်ရေးတင်းမာနေချိန်မှာ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း တစ်ဖြည်းဖြည်းမြင့်တက်လာခဲ့သည်။ လက်ရှိစက်သုံးဆီဈေးနှုန်းများမှာ 92 တစ်လီတာကို ၉၀၅ ကျပ်၊ 95 တစ်လီတာကို ၉၉၅ ကျပ်၊ ပရီမီယံတစ်လီတာကို ၉၉၅ ကျပ်နှင့် ဒီဇယ်တစ်လီတာကို ၉၈၅ ကျပ်ဈေးပေါက်နေသည်။ ဇန်နဝါရီလ ၆ ရက်နေ့ဈေးနှုန်းမှာ 92 တစ်လီတာကို ၈၉၅ ကျပ် ၊ 95 တစ်လီတာကို 985 ကျပ်၊ ပရီမီယံ တစ်လီတာကို ၉၈၅ကျပ်နဲ့ ဒီဇယ်တစ်လီတာကို ၉၇၅ ကျပ်ရှိခဲ့တာကြောင့် စက်သုံးဆီဈေးနှုန်းတွေက တစ်လီတာကို ကျပ်တစ်ဆယ်ခန့် မြင့်တက်ခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/65334

## စက်ရုံများမှ ကြံဝယ်သည့်ဈေး တောင်သူများအတွက် ထက်ဝက်ကျော် အရှုံးပေါ်




သကြားအထွက်နှုန်း သုံးပုံနှစ်ပုံခန့် ကျဆင်းခဲ့သည့်အပြင် သကြားစက်ရုံများမှ ဝယ်ယူသောဈေးနှုန်းမှာ ယခင်နှစ်ဝယ်ဈေးထက် လျော့နည်းခြင်းကြောင့် တစ်ဧကလျှင် ထက်ဝက်ကျော် အရှုံးနှင့်ရင်ဆိုင်နေရကြောင်း ကသာမြို့နယ်မှ ကြံစိုက်တောင်သူ ဦးချိုတူးက ပြောသည်။

ပြီးခဲ့သည့်နှစ်က နှစ်လခန့် မိုးရွာသွန်းမှုကြောင့် ကြံအထွက်နှုန်းကျဆင်းပြီး သကြားစက်များတွင် သကြားလက်ကျန်များပြားစွာရှိနေခြင်းကြောင့် ကြံတစ်တန်လျှင် ကျပ် ၃၈,၀၀၀ မှ အများဆုံး ကျပ် ၄၂,၀၀၀ ဖြင့် ဝယ်ယူခြင်းမှာ တွက်ခြေ မကိုက်သည့် ဈေးနှုန်းဖြစ်ကြောင်း သိရသည်။ ''ရာသီဥတု ဖောက်ပြန်တော့ အထွက်နှုန်းက သုံးပုံနှစ်ပုံလောက် နည်းသွားတယ်။ တစ်ဧကမှာ အရင်းက ကျပ် ၅၇၀,၀၀၀ လောက်ရှိပြီး တန် ၂၀ လောက်ပဲ ထွက်တော့ ရောင်းရင် ကျပ် ၂၆၀,၀၀၀ ပဲရလို့ သုံးသိန်းကျော်ရှုံးနေပြီ။ အဲဒီလောက်မရှုံးဘူးပြောရင် ကျွန်တော့်မှာ စာရင်းအတိအကျရှိတယ်။ တောင်သူတစ်ယောက်အနေနဲ့ ခြိုးခြံပြီးလုပ်ခဲ့တာ။ ယုံကြည်စရာ မရှိအောင်ရှုံးတယ်''ဟု ၎င်းက ပြောသည်။

ရာသီဥတုကောင်းမွန်နေပါက ကြံတစ်ဧကစိုက်ခင်းသည် တန်ချိန် ၃၀ ထွက်ရှိခဲ့ရာမှ ကြံခုတ်ရာသီတွင် ကြံ ၁၂ တန်

ဝန်းကျင်သာထွက်ရှိသဖြင့် သုံးပုံနှစ်ပုံခန့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ သကြားစက်များကလည်း လက်ကျန်သကြားတန်ချိန်များစွာကျန်ရှိနေသဖြင့် စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း မပြုလုပ်နိုင်သည့်အပြင် ကြံဝယ်ဈေးလျှော့ချဝယ်ယူနေကြောင်း သိရသည်။ ''စက်ရုံဝယ်ဈေးနည်းတာရယ်၊ ရာသီဥတုဆိုးရွားတာရယ် အထွက်နည်းတာကြောင့် ဒီနှစ်က ကြံတောင်သူတွေမှာ ကြံဝယ်ဈေးနဲ့ဆိုရင် နှစ်ခါခံရလို့ အဆင်မပြေနိုင်ဘူး။ ၄၂,၀၀၀ အထက်လောက်မှ ကိုက်မယ်။ ကြံကို ဈေးပေးမဝယ်တာက သကြားပြည်တွင်းပေါက်ဈေးက တစ်ပိဿာ ကျပ် ၈၈၀ ပဲရှိပြီး အရင်က ကျပ် ၉၅၀-၁,၀၀၀ လောက်ရှိတယ်။ စစ်ကိုင်းတိုင်းဘက်မှာ ထူးထူးခြားခြား အထွက်နှုန်းလျော့နည်းပြီး ပဲခူးတိုင်းဘက်ကတော့ အဲဒီလောက်မဖြစ်ဘူး''ဟု မြန်မာနိုင်ငံကြံသကြားလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဦးဝင်းဌေးက သုံးသပ်ပြောကြားသည်။

သကြားစက်များမှ ပြည်တွင်းသကြားဈေးကွက်နှင့် သကြားလက်ကျန်ပေါ်မူတည်၍ ကြံဝယ်ဈေးဖွင့်၍ ကြံဝယ်ယူကြခြင်းဖြစ်ကာ ကြံစိုက်တောင်သူများမှာလည်း အထွက်နှုန်းကျဆင်းမှုအပေါ် သကြားစက်များက ဈေးနှုန်းမြင့်ဝယ်ယူနိုင်ခြင်းမရှိသောကြောင့် လာမည့်ကြံရာသီတွင် ကြံစိုက်ဧကမှာ လက်ရှိထက် များစွာလျော့နည်းသွားနိုင်ကြောင်း၊ ကြံတောင်သူများ၏ ပြောဆိုမှုများလည်းရှိနေကြောင်း သိရသည်။

Source: https://myanmar.mmtimes.com/news/133505.html

## ပိုမို အဆင်ပြေလာတယ်ဆိုတဲ့ ဖရဲသီးရောင်းချမှုပုံစံ

လက်ရှိ ဖရဲသီးရောင်းချမှု ပုံစံပြောင်းလာသည်။ မူဆယ်(၁၀၅)မိုင် ဈေးကွက်တွင် ဖရဲသီးများကို ယခင်က တန်ချိန်ဖြင့် ချိန်တွယ်ရောင်းချသည့်ပုံစံမှ လက်ရှိတွင် ကားအစီးလိုက် အပြတ် ရောင်းချလာခြင်းဖြစ်သည်။ ထိုကဲ့သို့ ရောင်းချမှုမှာ ပယ်သီးများမရှိတော့သည့်အတွက် တောင်သူများအတွက် ပိုမို အကျိုးအမြတ်များကြောင်း သစ်သီးပွဲရုံများမှ စုံစမ်းသိရှိရသည်။ ယခင်က မူဆယ်(၁၀၅)မိုင် အသီးရောင်းကွင်းတွင် အသီးအရည်အသွေးအလိုက် တန်ချိန်ဈေးဖြတ်ဝယ်ယူပြီး တရုတ်နိုင်ငံဘက်ခြမ်း ဝမ်တိန် အသီးလှယ်ကွင်းတွင် အသီးအနာအစာများနှင့် အရည်အသွေးမမီသည့်အသီးများကိုပယ်ပြီး ကျန်သည့်အသီးတန်ချိန်ကိုသာ ငွေပေးချေသည့်စနစ်ဖြင့် ရောင်းချနေရာမှ ယခုကဲ့သို့ စီးပြတ်ရောင်းချသည့်စနစ်ကို ပြောင်းလဲကျင့်သုံးလာခြင်းဖြစ်ကြောင်း ခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကပြောသည်။ "အရည်အသွေးအရမ်းကောင်းတဲ့ အဆင့်အတန်းမီတဲ့ အသီးတွေကတော့ နည်းနည်းတော့နှစ်နာတာပေါ့။ အားသာချက် အားနည်းချက်ရှိပေမယ့် အများစုအတွက်ကြည့်ပြီး ရောင်းရတာပါ။ ပြည်တွင်းမှာလာစိုက်တဲ့ တရုတ်တွေလောက်တော့ မြန်မာတောင်သူအသီးတွေက မမီနိုင်ဘူးလေ။ မြန်မာအသီးတွေက ပယ်သီးတွေများလာတော့ ကားတစ်စီးရောင်းပြီး ဘယ်လောက်ရမယ်ဆိုတာမှန်းလို့ကိုမရတော့ဘူး။ တရုတ်ဝယ်လက်ကလည်း စိတ်ကြိုက်ပယ်တော့တာပဲ တရုတ်တွေက သူ့တို့ကား တစ်စီးစာအတွက်ကို မြန်မာအသီးကားလေးစီးလောက်ဝယ်ပြီး စိုက်ကြိုက် သန့်စင်ပြီး ရွေးဝယ်တော့တယ်။ အခုတော့ တန်ချိန်စနစ်နဲ့ဆိုတော့ တော်ရုံတန်ရုံ အသီးတွေအကုန်ကောက်တင်သွားတယ်။ လက်ရှိစီးပြတ်ကို ယွမ် ၄၇၀၀၀ပေါက်ဈေးက တစ်ကီလို သုံးယွမ် အထက်ရောက်သွားပါပြီ။ ဒီဈေးက ပယ်သီးမရှိအပယ်လွတ်ရောင်းနေရတာပါ။ ဒီစနစ်က တောင်သူတွေအတွက် ပို အဆင်ပြေနေပါတယ်" ဟု ၎င်းကပြောသည်။

တောင်သူများအတွက် အသီးပယ်တန်အတွက် စိုးရိမ်စရာမလိုတော့သည့်အပြင် ဈေးမှာလည်းအရည်အသွေးအလိုက် ယွမ် ၄၇၀၀၀ ထိရရှိသဖြင့် ယခင်စနစ်ထက် ပိုမိုအဆင်ပြေကြောင်း ပဲခူးတိုင်းဒေသကြီးမှ ဖရဲစိုက်တောင်သူ ဦးနိုင်လင်းထက်က ပြောသည်။ "အစီးပြတ်ရောင်းတဲ့ စနစ်က ပိုအဆင်ပြေတယ်။ဒီစနစ်ပျက်သွားမှာတောင် စိုးရိမ်တယ်။ တောင်သူတွေက မှန်မှန်ကန်ကန် ကိုယ့်အခင်းထဲက အသီးကိုတင်ပို့တာပါ။ သုံးလေးဧကပဲစိုက်စိုက် ၊ အခင်းထဲက အသီးတွေအကုန်တင်မှာဖြစ်လို့ စိုးရိမ်စရာမရှိပါဘူး။ တစ်ခုပဲ လမ်းဘေးပွဲရုံပွဲစားတွေက ပေါက်ကရလုပ်လိုက်ရင်တော့ ဈေးကွက်ပျက်သွားနိုင်တယ်။ ဒီအစီးပြတ်ရောင်းတဲ့စနစ် ပယ်သီးအတွက်ခေါင်းထဲမထည့်ရတော့ဘူး။ ပွဲစားတွေကို အရည်အသွေးမမီပယ်သီးတွေကို အစီးပြတ်တက်ရောင်းတာမျိုးတွေလုပ်လာမှာတော့ကြောက်တယ်" ဟု ၎င်းကပြောသည်။

မူဆယ်ဈေးကွက်သို့ ဖရဲကားကားအဝင်စီးရေတိုးလာပြီး သခွားကားအဝင်စီးရေလျော့ကျသွားကြောင်း၊ ဇန်နဝါရီ ၃ ရက်နေ့တွင် သခွားကားအစီး ၅၀ ကျော်၊ ၈၅၅ ဖရဲကား ၁၄၅စီး၊ ဂျပ်ဖာ ဖရဲကား ၁၆၀ကျော်ကို စစ်ကိုင်း၊ မန္တလေး၊ ပဲခူးတိုင်းတို့မှ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Sources: The Farmer Journal** https://www.facebook.com/myanmaawba/?ref=page_internal

## တရုတ်နိုင်ငံသည် အာဂျင်တီးနားနိုင်ငံ၏ အမဲသားအဓိကတင်ပို့မှုနိုင်ငံဖြစ်လာ



တန်ချိန် (၁၀၀) အမဲသားတွင် (၇၄) တန်သည် တရုတ်နိုင်ငံသို့ တင်ပို့နေ အာဂျင်တီးနားနိုင်ငံ အမဲသားတင်ပို့မှုအသင်းမှ ထုတ်ပြန်သော နောက်ဆုံးကိန်းဂဏန်းအရ ၂၀၁၈ခုနှစ် အောက် တိုဘာလမှ ၂၀၁၉ နှစ် စက်တင်ဘာလအထိ အာဂျင်တီးနားနိုင်ငံ၏ အမဲသား တင်ပို့မှု တန်ချိန်စုစုပေါင်း (၈) သိန်းရှိခဲ့ပြီး စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၃) ဘီလီယံဖြစ်သည်။ ၎င်းအနက် တရုတ်နိုင်ငံသို့တင်ပို့သော အမဲသားမှာ အာဂျင်တီးနား နိုင်ငံအမဲသား စုစုပေါင်း တင်ပို့မှုပမာဏ၏ ၇၄ % ခန့်ရှိပြီး ချီလီနှင့်အစ္စရေးနိုင်ငံတို့သည် အာဂျင်တီးနားနိုင်ငံမှ အမဲသားတင်ပို့မှု ဒုတိယနှင့်တတိယအများဆုံးနိုင်ငံဖြစ်ကြောင်းသိရပါသည်။ ယခုနှစ်ပိုင်းများတွင် တရုတ်နိုင်ငံ ဈေးကွက် အမဲသားလိုအပ်ချက် ဆက်လက်တိုးမြင့်လာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အရေးပါသော အမဲသားတင်သွင်းမှု အများဆုံးနိုင်ငံနှင့် အမဲသားစားသုံးမှုတိုးမြင့်နှုန်း အလျင်မြန်ဆုံးသော ဈေးကွက်ဖြစ်လာခဲ့ကြောင်း သိရပါသည်။ www.cctv.com မှကောက်နုတ်ဖော်ပြသည်။

**Source:** https://www.facebook.com/shweliayarnews/

## ချင်းတောင်၌ အအေးပိုနေ၍ ဈေးချိုသည့် မုံရွာ ဂွမ်းကပ်စောင်များ အရောင်းသွက်



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသနှင့် ချင်းပြည်နယ် ချင်းတောင်ဒေသတို့တွင် ယမန်နှစ် ဒီဇင်ဘာလကုန်ပိုင်းမှ ယခုနှစ် ဇန်နဝါရီလအထိ အအေးပိုနေသည့်အတွက် ဈေးနှုန်းချိုသာပြီး အနွေးဓာတ်ပေးနိုင်သော မုံရွာနယ်ထွက် ဂွမ်းကပ်စောင်များကို ဒေသခံများ ဝယ်ယူသုံးစွဲမှုများပြားကြောင်း ကလေးမြို့ မြို့မဈေးကြီးအတွင်း ဆောင်းရာသီသုံးအထည် အလိပ်၊ စောင်၊ ခြင်ထောင်များ ရောင်းချသည့် ဦးထွန်းလွင်ထံမှ သိရသည်။

မုံရွာနယ် မုံရွေး၊ ကြေးမုံရွာများနှင့် ခင်မွန်ကျေးရွာတို့တွင် အိမ်တွင်းမှုလုပ်ငန်းတစ်ခုအဖြစ် ဂွမ်းကပ်စောင်လုပ်ငန်းကို အိမ်ထောင်စုတိုင်း အကြီးအကျယ်လုပ်ကိုင်လျက်ရှိပြီး နှစ်စဉ် ချင်းတွင်းအထက်ပိုင်းဒေသ၊ ကလေး၊ ချင်းတောင်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ချင်းတွင်းအထက်ပိုင်းဒေသ၊ ကလေး၊ ချင်းတောင်ဒေသတို့တွင် နှစ်တိုင်းထက် အအေးပိုလျက်ရှိသည့်အတွက် မုံရွာနယ်ထွက် ဂွမ်းကပ်စောင်များ အရောင်းသွက်လျက်ရှိကြောင်းသိရသည်။ ''ဆောင်းအအေးက တစ်လ၊ နှစ်လလောက်အေးတာပါ။ ကျွန်တော်တို့ ဒေသခံတောင်သူ လယ်သမား၊ လက်လုပ်လက်စားတွေအနေနဲ့ ဈေးနှုန်းမြင့်ပြီး အိတ်ကြီးတွေနဲ့လာတဲ့ တရုတ်မွေးပွစောင်ကြီးတွေကို ဝယ်မသုံးနိုင်ပါဘူး။ ဝယ်သုံးပြန်တော့လည်း မိသားစုများတဲ့အတွက် အားလုံးဝယ်မသုံးနိုင်ပြန်ပါဘူး။ မုံရွာဘက်ကလာတဲ့ ဂွမ်းကပ်စောင်တွေက ဈေးချိုတယ်။ နွေးတယ်။ အမြင်လည်းလှတယ်ဆိုတော့ မုံရွာနယ်ထွက်စောင်တွေဝယ်ခြုံတယ်၊ ငွေငါးသောင်းဖိုးလောက်ဝယ်ရင် ၁၀ ထည်လောက်ရတယ်ဆိုတော့ လက်လုပ်လက်စားသမားတွေအတွက် အဆင်ပြေတယ်''ဟု ကလေးမြို့ မြို့မဈေးကြီးအတွင်း ကုန်စိမ်းရောင်းသည့် ဒေါ်ကြည်မြိုင်ကပြောသည်။

ကလေး၊ ချင်းတောင်တွင် ဆိုင်တင်ရောင်းချသည့် မုံရွာနယ် မုံရွေး၊ ကြေးမုံနှင့် ခင်မွန်ရွာများမှ ထွက်ရှိသည့် ဂွမ်းကပ်စောင်များကို သီတင်းကျွတ်လမှ စတင်၍ မှာယူဆိုင်တင်ရောင်းချခဲ့ကြောင်း သိရသည်။ နှစ်စဉ် အရောင်းအသွက်ဆုံးကာလမှာ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် အရောင်းသွက်ကြောင်း ဦးထွန်းလွင်ထံမှသိရသည်။ ''ကျွန်တော်တို့ပြည်တွင်းဖြစ် မုံရွာနယ်ထွက် ဂွမ်းကပ်စောင်တွေကို မုံရွာမြို့ဈေးဆိုင်ကြီးတွေကနေ မှာရတာဖြစ်ပါတယ်။ ဂွမ်းကပ်စောင်တစ်ထုပ်ကို အထည်

၄၀ ဝန်းကျင်ပါတယ်။ ကလေး၊ ချင်းတောင်ဒေသက ချည်စောင်ဂွမ်းကပ်ထုပ် ရာချီပြီး အရောင်းအဝယ်ဖြစ်ပါတယ်။ အခုရက်ပိုင်း ဝယ်ရင်းဈေးက ဂွမ်းကပ်စောင်တစ်ထည်ကို ကျပ် ၃၅၀၀ ကနေ ၄၀၀၀ ဝန်းကျင် အထိဈေးရှိပြီး ကျွန်တော်တို့ ပြန်ရောင်းဈေးကတော့ အထည်အကြီးအသေးပေါ်မူတည်ပြီး ကျပ် ၅၅၀၀ ကနေ ၆၅၀၀- ၇၀၀၀ အထိ ရောင်းဈေးရှိပါတယ်''ဟု ၄င်းက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/133507.html

## အမေရိကန်စစ်စခန်းတွေကို အီရန်က တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေး မြင့်တက်

အီရတ်မှာ ရှိနေတဲ့ အမေရိကန် စစ်စခန်းတွေက တပ်ဖွဲ့ဝင်တွေကို ပစ်မှတ်ထားပြီး အီရန်ဘက်က တိုက်ခိုက်မှုတွေ ဇန်နဝါရီ ၈ ရက်မှာ လုပ်ဆောင်ခဲ့ပြီးနောက် ယင်းနေ့မှာပဲ ရေနံဈေးတွေဟာလည်း မြင့်တက်သွားခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ အပတ်က အီရတ်မှာ အီရန်ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦး အမေရိကန်ရဲ့ သုတ်သင်ရှင်းလင်းခြင်း ခံရတဲ့ကိစ္စအပေါ် အီရန်ဘက်က ပြန်လည်လက်စားချေ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါတယ်။ Brent ရေနံစိမ်း ဈေးနှုန်းဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစည်ကို ၆၉ ဒသမ ၉၄ ဒေါ်လာမှာ ရှိနေခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသဆီကနေ ရေနံထုတ်လုပ်မှုပိုင်းအပေါ် ထိခိုက်မှုတွေရှိလာနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေကြောင့် ခုလိုရေနံဈေးတွေ တက်လာတာလည်းဖြစ်ပါတယ်။ အလားတူ ရွှေနဲ့ဂျပန်ယန်းငွေတို့ဟာလည်း အဆိုပါသတင်းကြောင့် တန်ဖိုးတွေတက်လာခဲ့တယ်လို့သိရပါတယ်။ တချိန်တည်းမှာလည်းပဲ အရှေ့အလယ်ပိုင်းမှာ ပဋိပက္ခတွေကြီးထွားလာနိုင်တဲ့အပေါ် စိုးရိမ်ပူပန်မှုတွေမြင့်တက်လာတာကြောင့် ကမ္ဘာတစ်ဝန်း စတော့ဈေးနှုန်းတွေဟာလည်း ကျဆင်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့သိရပါတယ်။

**Source:** https://www.bbc.com/news/business-50979492

## STOCK EXCHANGE (9.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 295 | 3,260,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,800 | 5,762 | 22,152,950 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 12 | 97,200 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 60 | 1,380,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,800 | -100 | -3.45% | 2,800 | 2,800 | 2,800 | 510 | 1,428,000 | 12,823,224 | 35,905 |

## Market summary

As of 9th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.53 | -0.93 | -0.20% | 468.78 | 468.78 | 456.04 | 6,639 | 28,318,150 | 5 | 625,127 |

### Index chart




# Market Overview

As of 1:00 pm, 9th Jan. 2020

| MYANPIX | 456.53 ▼ 0.93 |
|---|---|
| Total Volume (shares) | 6,639 |
| Total Value (MMK) | 28 mil |
| Listed Company | 5 |
| Market Cap. (MMK) | 625,127 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 100 |